

www.burmeseclassic.com



www.burmeseclassic.com



အလှသစ္စာ

"ငါမကောင်း ငါ့ရေး
ငါ့မိဖုရားမကောင်း မကောင်းရေး
တိုင်းရေး ပြည်ရေး မှန်ပါစေ မနှေး" ဆိုတဲ့
ဖိုးဝဇီရကို တို့များရဲ့မင်းဘုရား
မင်းတုန်းမင်းတရား
ပြောကြားတဲ့ စကားကို
နားထဲမှာ ကြား
ရင်ထဲနှလုံးထဲမှာ ပီတိပွားရင်း
ကြိမ်းဝါးဝံ့ပါရဲ့
သစ္စာတရား
မှန်ကန်ခြင်းများ ရင်ဝယ်ထားသည့်


## "သတင်းကာတွန်းဆရာ ငါ'

'သတင်းကာတွန်းဆရာ'သာ ဖြစ်ချင်သော
ခင်ပွန်းသည်သို့
ခင်လေးနွယ်

Photo:Htein Win

www.burmeseclassic.com

www.burmeseclassic.com





ကာတွန်းဆရာ ဦးဖေသိန်း၏ကိုယ်ရေးနှင့်နိုင်ငံရေး
ဆောင်ရွက်ချက်များ။

ဖခင်ဖြစ်သူ *ရွှေပြည်တော် ဦးဘတင် (ဦးထွန်းရှိန်၊ ဖေ·မှ·ဦးနှ
ကျ်·ဦ) သည် ပန်းတနော်မြို့ရှိ အမျိုးသားကျောင်းဆရာကြီးအဖြစ်
တာဝန်ထမ်းဆောင်စဉ် ကျွန်တော် ပေသိန်း (ယခုမှ·ဘိုနီ) အား ၁၉၂၄
ခုနှစ် ဩဂုတ် ၁၁ ရက်နေ့တွင် မွေးဖွားပါသည်။ ဖခင် ဦးဘတင်သည် အစ်ကို
ဖြစ်သူ ဦးထွန်းရှိန်၊ အစ်မဖြစ်သူ ဒေါ်ဆော်အပြင် ၁၉၂၀ ခုနှစ်
မတိုင်ခင်က ပဲခူးလေးမြို့တွင် ဗုဒ္ဓဘာသာ အထက်တန်းကျောင်းကြီးကို
တင်တည်ထောင်ခဲ့၍ ဆရာလုပ်ခဲ့သည့်ပြင် ဂျီ·စီ·ဘီ·အေ·အမှ
ချုပ်ကြီး နှင့် ငါးပွင့်ဆိုင်ပါတီတို့တွင် အကွင်းရေး မှုလှုပ်ရှားနိုင်ငံရေး
လှုပ်ရှားခဲ့သူ ဖြစ်ပါသည်။ ဖခင် ဦးဘတင်သည် ကန်ကြီးထောင့်မြို့နယ်
တွင် အမျိုးသားကျောင်း တင်တည်ထောင်သောအခါ၊ ကျွန်တော်သည်
မူလတန်းတွင် စတင်ကျောင်းနေပါသည်။ ထို့နောက် ပုသိမ်မြို့
ဗြိတိသျှ ပါယ်ကျောင်းနှင့် အမျိုးသားကျောင်းတို့တွင် ဆက်လက်ပညာ
သင်ကြားပါသည်။

ပုသိမ်အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြား
စဉ်၊ အင်္ဂလိပ်အစိုးရ၏အလိုတော်ရိ အုပ်ချုပ်ရေးကောက်အသင်းနှင့် ယှဉ်ပြိုင်
ပြီး အမျိုးသားကျောင်းဖွဲ့ တည်ထောင်သော ပင်နီတပ်တွင် ပါဝင်ခဲ့သည်၊
ထို့ပြင် ကျောင်းသားများ သမဂ္ဂတွင်ပါ၍ သပိတ်မှောက်၊ အစာငတ်
ခံ၍ ကျောင်းသားများ သမဂ္ဂ လှုပ်ရှားခဲ့ပါသည်။ ကျောင်းသားများသမဂ္ဂ
၁၃ အရေးတော်ပုံတွင်ပါဝင်လှုပ်ရှားခဲ့ပါသည်။ ကျောင်းသားပြင်ပ
မှ ဗမာ့တပ်မတော်တွင်လည်း ပါဝင်ခဲ့ပါသည်။ (၁၀) တန်းအောင်
မြင်ပြီး ပညာသင်ပေးသော သမဝါယမ ကော်မတီဝင်
အမျိုးသားကျောင်း၌ ပင်စစ်အကျင့် လုပ်ဆောင်ခဲ့ပါသည်။
ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သောအခါ၊ ဗမာလွတ်လပ်ရေးတပ်
(ဘီ·အိုင်·အေ) ပုသိမ်မြို့သို့ရောက်ရှိလာ၍ အမျိုးသားကျောင်း
တွင် တပ်ခွဲထားစဉ် အကူအညီပေးခဲ့ပါသည်။ ၁၉၄၂၊ ဇူလိုင်လ ၂ ရက်
နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အချုပ် အာရှလူငယ်များ အစည်းအရုံးမှ
ခေါင်းရာ ကျွန်တော်ပါဝင်ခဲ့ပါသည်။ အာရှလူငယ်များ အစည်းအရုံးတွင်
ဝေဒနာဝန်ထမ်းတပ်ဖွဲ့၍ မိုးဒဏ်ခံရသော လူနာများကို ဆေးရုံပို့ပေး
ခြင်း၊ သူနာပြုသင်တန်း၊ မီးသတ်သင်တန်း တက်ရခြင်း၊ ရုပ်ရှင်သန့်ရှင်း
ရေးများ ထမ်းဆောင်ခဲ့ပါသည်၊ ထို့စဉ် ကာရင်-ဗမာ အဓိကရုဏ်း
ဖြစ်နေ၍ ကာရင်ဗမာ ညီညွတ်ရေး ကာတွန်း ပြိုင်ပွဲကျင်းပရာ ကျွန်တော်
ကာတွန်း ရေးဆွဲပြိုင်ပွဲဝင်၍ ဒုတိယဆုရရှိပါသည်၊ ထို့ပြင်ကာရင်

www.burmeseclassic.com



## ကိုယ်ရေးအကျဉ်း

မွေးသက္ကရာဇ် – ၃၁.၁.၁၉၂၄ ပန်းတနော်မြို့
မိဘအမည် – ရွှေပြည်တော်ဦးဘတင်၊ ဒေါ်ကျော့စိန်
မွေးချင်း – ခြောက်ယောက်တွင် ဒုတိယမြောက်ဖြစ်
၁၉၄၂ – ပုသိမ်အာရှ လူငယ်များ အစည်းအရုံး ဝင်ရောက်ခဲ့။
၁၉၄၃–၄၄ – ကန်ကြီးဒေါင့် အာရှလူငယ် ကင်းထောက်မှူးအဖြစ် ဆောင်ရွက်ခဲ့။
၁၉၄၅ – ပုသိမ်အမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်
၁၉၄၆ – ရန်ကုန်တက္ကသိုလ် ရောက်ရှိ။ ရန်ကုန် တက္ကသိုလ် မဂ္ဂဇင်း၊ ကျောင်းသားများ သမဂ္ဂ၏ အိုးဝေမဂ္ဂဇင်းတို့တွင် အမှုဆောင်အဖြစ် ပန်းချီ၊ ကာတွန်း တာဝန်ယူခဲ့။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွင် ပါဝင်ခဲ့။
၁၉၄၇– ကာတွန်းဝိဇ္ဇာဦးဘဂျမ်းထံတွင် တပည့်ခံကာ သတင်းစာဦးညိုမြ၏ အားပေးမှုကြောင့် အိုးဝေသတင်းစာမှ စာနယ်ဇင်းလောက သို့ ဝင်ရောက်။ မြန်မာ့အလင်း၊ ဟံသာဝတီ၊ ဗမာ့ခေတ် သတင်းစာကြီးများနှင့် ရှုမဝ၊ သွေးသောက်၊ မြဝတီ မဂ္ဂဇင်းတို့တွင် ကာတွန်းရေးဆွဲခဲ့ကာ ကြေးမုံသတင်းစာ ထွက်ပေါ်လာသောအခါ နေ့စဉ်ပင်တိုင် သတင်း ကာတွန်းဆရာ အဖြစ် ရေးဆွဲခဲ့။
၁၉၅၆– ၅၇ ကမ္ဘာ့စာရိတ္တမြှင့်တင်ရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ဖခင်ကိုယ်စား အမေရိကန် ပြည်ထောင်စု မက္ကီးနေ့ကျွန်းတွင် ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့။ အင်္ဂလန်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ နှစ်လခရီး ပန်းချီ၊ ကာတွန်းလေ့လာခွင့် ရရှိခဲ့။
၁၉၅၈ – မြန်မာနိုင်ငံ ကာတွန်းဆရာများ အသင်းကို စတင်တည်ထောင်ကာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့။
၁၉၅၉ – အလင်္ကာကျော်စွာ ကာတွန်းဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် 'ဘဂျမ်းဂျာနယ်ပြောင်' ကို တာဝန်ခံအယ်ဒီတာအဖြစ် ထုတ်ဝေခဲ့။
၁၉၆၀ – ဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲနှင့်ပူးတွဲ၍ ကာတွန်းပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့။
၁၉၆၂ – ဒေါ်ခင်လေးနွယ်နှင့် အိမ်ထောင်ပြုခဲ့။
၁၉၆၃ – ပန်းချီ၊ ပန်းပုကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် နှစ်နှစ် လုပ်ကိုင်ခဲ့။
၁၉၈၀ – မော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်း ခံရ။
၁၉၈၁ – ပန်းချီ၊ ပန်းပုကောင်စီ အစည်းအရုံး ကော်မတီတွင် တွဲဖက်အတွင်းရေးမှူး ဆောင်ရွက်ခဲ့။
၅၆၈၊ ခမ္မာရုံလမ်း၊ ခြောက်မိုင်၊ ဆယ်ရပ်ကွက်တွင် ဇနီး ဒေါ်ခင်လေးနွယ်၊ သားသမီး ခြောက်ယောက်နှင့်အတူ နေထိုင်ခဲ့။
၁၉.၆.၂၀၀၉ နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်။

ဤစာစောင်လေးသည် ဆရာကြီးဦးဖေသိန်းကိုယ်တိုင် ၁၉၉၂ခုနှစ် မေ၂၅ ရက်နေ့က ရေးခဲ့သော ကိုယ်ရေးအကျဉ်း ဖြစ်ပါသည်။ လေ့လာလိုသူများအတွက် အကျိုးတစ်စုံတစ်ရာရှိမည် ယုံကြည်သဖြင့် သတ်ပုံပြင်ဆင်မှုအချို့နှင့် စာတစ်ပိုဒ် ချန်လှပ်ခဲ့သည်မှအပ မူရင်းအတိုင်း ဖော်ပြထားပါသည်။

BURMESE CLASSIC .com

## ကာတွန်းဆရာဦးဖေသိန်း၏ ကိုယ်ရေးနှင့်နိုင်ငံရေးဆောင်ရွက်ချက်များ

ဖခင်ဖြစ်သူ ရွှေပြည်တော်ဦးဘတင် (ဦးထွန်းရှိန်၊ ဖေ–ပု–ရှိန်၏ ညီ)သည် ပန်းတနော်မြို့၌ အမျိုးသားကျောင်းဆရာကြီးအဖြစ် စတင်တည်ထောင်စဉ် ကျွန်တော်ဖေသိန်း (ငယ်မည်–ဘိုနီ) အား ၁၉၂၄ခု ဇန်နဝါရီ(၃၁)ရက်နေ့တွင် မွေးဖွားပါသည်။ ဖခင်ဦးဘတင်သည် အစ်ကိုဖြစ်သူ ဦးထွန်းရှိန်၊ အစ်မဖြစ်သူ ဒေါ်စောအုံတို့နှင့်အတူ ၁၉၂၀နှစ်မတိုင်မီက မန္တလေးမြို့တွင် ဗုဒ္ဓဘာသာအထက်တန်းကျောင်းကြီးကို စတင်တည်ထောင်စဉ် ဆရာလုပ်ခဲ့သည့်ပြင် ဂျီ.စီ.ဘီ.အေ အဖွဲ့ချုပ်ကြီးနှင့် ငါးပွင့်ဆိုင်ပါတီတို့တွင် အတွင်းရေးမှူးလုပ်၍ နိုင်ငံရေးလှုပ်ရှားခဲ့သူ ဖြစ်ပါသည်။ ဖခင်ဦးဘတင်သည် ကန်ကြီးဒေါင့်(ပုသိမ်)တွင် အမျိုးသားကျောင်း စတင်တည်ထောင်သောအခါ ကျွန်တော်သည် မူလတန်းတွင် စတင်ကျောင်းနေပါသည်။ ထိုမှတဖန် ပုသိမ်မြို့ မြူနီစီပါယ်ကျောင်းနှင့် အမျိုးသားကျောင်းတို့တွင် ဆက်လက်ပညာသင်ကြားပါသည်။

ပုသိမ် အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားစဉ် အင်္ဂလိပ်အစိုးရ၏အလိုတော်ရိ ဘွိုင်းစကောက်အသင်းနှင့် ယှဉ်ပြိုင်၍ အမျိုးသားကျောင်းမှ တည်ထောင်သော ပင်နီတပ်တွင်ပါဝင်ခဲ့သည်။ ထို့ပြင် ကျောင်းသားများသမဂ္ဂတွင်ပါ၍ သပိတ်မှောက်၊ အစာငတ်ခံဆန္ဒပြပွဲတို့တွင် ပါဝင်လှုပ်ရှားခဲ့ပါသည်။ ကျောင်းသားများသမဂ္ဂမှ စစ်ပညာသင်ပေးသော သံမဏိတပ်တွင်လည်း ပါဝင်ခဲ့ပါသည်။ အမျိုးသားကျောင်း၌ပင် စစ်အတွင်းဂျပန်ခေတ်၌ (၁၀)တန်းအောင်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊အိုင်၊အေ) ပုသိမ်မြို့သို့ရောက်ရှိလာ၍ အမျိုးသားကျောင်း၌ တပ်စွဲထားစဉ် အကူအညီပေးခဲ့ပါသည်။ ၁၉၄၂၊ ဇူလိုင်လ ၂၈ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အရှေ့အာရှလူငယ်များ အစည်းအရုံးဖွဲ့စည်းရာ ကျွန်တော်ပါဝင်ခဲ့ပါသည်။ အာရှလူငယ်များအစည်းအရုံးတွင် စေတနာ့ဝန်ထမ်းတပ်ဖွဲ့၍ ဗုံးဒဏ်ခံရသောလူနာများကို ဆေးရုံပို့ပေးခြင်း၊ သူနာပြုသင်တန်း၊ မီးသတ်သင်တန်းတက်ရခြင်း၊ ရပ်ကွက်သန့်ရှင်းရေးများ ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ် ကရင်–ဗမာ အဓိကရုဏ်းဖြစ်နေ၍ ကရင်ဗမာ ညီညွတ်ရေး ကာတွန်းပြိုင်ပွဲကျင်းပရာ

၁၉၂၄ခု ဇန်နဝါရီ (၃၁)ရက်နေ့တွင် မွေးဖွား

ဖခင်–ရွှေပြည်တော် ဦးဘတင်

မိခင်– ဒေါ်ကျော့စိန်

ငယ်မည်–ဘိုနီ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကာတွန်းရေးဆွဲ ပြိုင်ပွဲဝင်၍ ဒုတိယဆု ရရှိပါသည်။ ထို့ပြင် ကရင်ဗမာညီညွတ်ရေးအတွက် ကျောင်းပေါင်းစုံကပွဲကို စကောကရင်ကျောင်း၌ ကျင်းပရာတွင်လည်း ပါဝင်ခဲ့ပါသည်။

ထိုစဉ် အာရှလူငယ်များအစည်းအရုံးသည် ဂျပန်များအား တော်လှန်ရန်အတွက် မြေအောက်တော်လှန်ရေး သင်တန်းများ ပို့ချနေသောကြောင့် ကျွန်တော် သင်တန်းတက်ရပါသည်။ ဂျပန်အာဏာပိုင်များကလည်း အာရှလူငယ်များအစည်းအရုံးမှ ဂျပန်ကိုကူညီမည့် အာရှလူငယ်တစ်ဦး အလိုရှိကြောင်းဖြင့် တောင်းဆိုရာ အာရှလူငယ်များ အစည်းအရုံးဥက္ကဌ ဦးမြစိန်(ပြင်သစ် သံအမတ်ကြီးဟောင်း၊ ကွယ်လွန်) နှင့် စည်းရုံးရေးမှူး ဦးမောင်မောင် (သံမဏိမောင်မောင်ခေါ် ဗိုလ်အောင်သူ) တို့က ကျွန်တော့်အား စိတ်ချသူအဖြစ် ရွေးချယ်ပါသည်။ ကျွန်တော်သည် ဂျပန်ကုန်သည် မစ္စတာတာမေရှိ နှင့် တွေ့ဆုံရပါသည်။ မစ္စတာတာမေရှိမှာ ကုန်သည်အယောင်ဆောင် ကင်ပေတိုင်ဗိုလ်မှူးကြီး ဖြစ်ပါသည်။ သူနှင့်တွေ့သည့်အခါ မြင်သမျှ၊ ကြားသမျှ၊ သိသမျှကို ဦးမြစိန်နှင့် ဦးမောင်မောင်တို့အား အစီရင်ခံရပါသည်။

ပုသိမ်မြို့ပေါ်သို့ ဗုံးဒဏ်ကျရောက်သောကြောင့် ကျွန်တော်တို့မိသားစု ကံကြီးဒေါင့်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကံကြီးဒေါင့်တွင် အာရှလူငယ်များ အစည်းအရုံး၌ ကျွန်တော်သည် အမှုဆောင်(ကင်းထောက်မှူး) ဖြစ်ပါသည်။ ပုသိမ်ခရိုင် အာရှလူငယ်များ အစည်းအရုံးညီလာခံကို ငသိုင်းချောင်း၌ကျင်းပရာ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။ တဖက်တွင် အာရှလူငယ်များသည် မြေအောက်တော်လှန်ရေးအတွက် လျှို့ဝှက်စွာ လှုပ်ရှားနေကြပါသည်။ မကြာမီ ဂျပန်တော်လှန်ရေး စတင်သည်နှင့် ကံကြီးဒေါင့်မှ အာရှလူငယ်အမှုဆောင်များ ဂျပန်၏ဖမ်းဆီးခြင်းခံရသူများမှာ ပုသိမ်မှ ကံကြီးဒေါင့် ပြောင်းရွှေ့နေသူ ဥက္ကဌဦးမြစိန်၊ ကံကြီးဒေါင့် အာရှလူငယ်ဥက္ကဌ ဦးညို၊ ဗိုလ်ကိုကိုကြီး၊ ဗိုလ်မျိုးညွန့်(ကိုပြုံး) နှင့် အာရှလူငယ် အမှုဆောင်များ ပါဝင်ပါသည်။ ကျွန်တော်မှာ ပုသိမ်သို့ ရှောင်တိမ်းနေသဖြင့် လွတ်သွားပါသည်။ ဦးမြစိန်နှင့် နှစ်ဦး သုံးဦးမှတပါး အားလုံး ဂျပန်အသတ်ခံရပါသည်။

ကျွန်တော်မှာ ပုသိမ်သို့ ရှောင်တိမ်းနေသဖြင့် လွတ်သွားပါသည်။ ဦးမြစိန်နှင့် နှစ်ဦး သုံးဦးမှတပါး အားလုံး ဂျပန် အသတ်ခံရပါသည်။

စစ်ကြီးပြီးသွားသောအခါ ပုသိမ်မြို့တွင်လည်း ဖဆပလအဖွဲ့ကြီးနှင့်အတူ ဗမာလူငယ်များအစည်းအရုံး ပေါ်လာပါသည်။ ကျွန်တော်သည် လူငယ်အစည်းအရုံးတွင် ပါဝင်၍ ရန်ကုန်တွင်ကျင်းပသော ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံကြီးသို့ ပုသိမ်မှ တက်ရောက်သူများတွင်



ပါဝင်ခဲ့သည်။

စစ်အတွင်း ဂျပန်ခေတ်တွင်(၁၀)တန်းအောင်ထားသဖြင့် အင်္ဂလိပ်စာဘာသာကိုသာ ဖြေဆိုပြီး ၁၉၄၆ခုနှစ်တွင် တက္ကသိုလ်သို့ ရောက်ရှိခဲ့ပါသည်။ အင်္ဂလိပ်ဘာသာ၊ မြန်မာစာ(O.B)၊ သမိုင်းနှင့် ပါဠိဘာသာများ ယူခဲ့သည်။ ၁၉၄၈ခုနှစ် မြန်မာပြည် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် တက္ကသိုလ်မြန်မာစာအသင်းကြီးမှ ကျင်းပသော ကာတွန်းပြိုင်ပွဲနှင့် ဗမာလူငယ်များအစည်းအရုံးမှ ကျင်းပသော ကာတွန်းပြိုင်ပွဲများတွင် ပထမဆုများ ရခဲ့သည်။ တက္ကသိုလ်မဂ္ဂဇင်းနှင့် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ အိုးဝေမဂ္ဂဇင်းတွင် အမှုဆောင်အဖြစ် ပန်းချီကာတွန်း တာဝန်ယူခဲ့သည်။ သတင်းစာဆရာကြီး ဦးညိုမြနှင့် ကာတွန်းဆရာကြီး ဦးဘဂျမ်းတို့၏ မြေတောင်မြှောက်ပေးမှုကြောင့် ၁၉၄၇ခုနှစ်မှစ၍ စာနယ်ဇင်းနယ်ထဲသို့ ကာတွန်းဆရာအဖြစ် ဝင်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပန်းချီအနုပညာအသင်း၌ ပါဝင်၍ ပန်းချီဆရာကြီး ဦးဘကြည်၏ သင်တန်းကိုလည်း တက်ခဲ့သည်။ တက္ကသိုလ်တွင် ဥပစာအထက်တန်းအထိသာ ရောက်ခဲ့သည်။

သတင်းစာဆရာကြီး ဦးညိုမြနှင့် ကာတွန်းဆရာကြီး ဦးဘဂျမ်းတို့၏ မြေတောင် မြှောက်ပေးမှုကြောင့် ၁၉၄၇ခုနှစ်မှစ၍ စာနယ်ဇင်း နယ်ထဲသို့ ကာတွန်းဆရာ အဖြစ် ဝင်ရောက် ခဲ့သည်။

ကျွန်တော်သည် ကာတွန်းဦးဘဂျမ်းထံတွင် တပည့်ခံရင်း ဦးဘဂျမ်းနေထိုင်ရာ လမ်းမတော်(၁၃)လမ်းတွင် နှစ်စဉ် တန်ဆောင်တိုင်ကာတွန်းမီးထွန်းပွဲ ကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဦးဘဂျမ်းကွယ်လွန်သွားသောအခါ အလင်္ကာကျော်စွာ ကာတွန်းဝိဇ္ဇာဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် ကာတွန်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပရာတွင် ကာတွန်းဦးဟိန်းစွန်း၊ ဦးဘထွေး၊ ဦးကျော်ဆန်း(ကဆ)နှင့် ဦးအောင်ရှိန်တို့နှင့်အတူ ဦးစီးကျင်းပခဲ့သည်။ ယင်းကာတွန်းပြိုင်ပွဲများတွင် ထင်ရှားသော နိုင်ငံအကျိုးပြု ပြိုင်ပွဲတချို့မှာ ယခုခေတ် ဗမာ့ယဉ်ကျေးမှု(၁၉၆၀)၊ ငြိမ်းချမ်းရေ (၁၉၆၃)၊ လမ်းသရဲ ပပျောက်ရေး(၁၉၆၉)၊ မဲရုံကို သွားကြစို့(၁၉၇၃)၊ မူးယစ်ဆေးဝါး ဒို့မလိုလား(၁၉၇၆)၊ ကျန်းမာလှုပ်ရှား အားကစား(၁၉၇၇)၊ ပြည်သူ့ခေတ်သစ် ကလေးများနှစ်(၁၉၇၉)၊ စာပေလုပ်သား ဟူသည်(၁၉၈၀)၊ အန္တရာယ်မီးဘေး ကာကွယ်ပေး(၁၉၈၁)၊ ပြည်သူ့အကျိုးဆောင် ကာတွန်းရုပ်ပြောင်(၁၉၈၃) နှင့် အားကစားစွမ်းရည်(၁၉၈၅)၊ မြို့ရွာသန့်ရှင်းသာယာရေး(၁၉၈၇)စသည်ဖြင့် ဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၅၈ခုနှစ်တွင် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း တည်ထောင်၍ ဥက္ကဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ခုနှစ်တွင် ဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် 'ဘဂျမ်း' ဂျာနယ်ပြောင်ကို အယ်ဒီတာအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား MRA အဖွဲ့သို့ ပါဝင်စေပြီး အမေရိကန် (မက္ကီးနော့ကျွန်း) သို့ လေ့လာရန် ပေးပို့ပါသည်။ ကျွန်တော့်အား ၁၉၅၈ခုတွင် အမေရိကန် (မက္ကီးနော) နှင့် တခြား မြို့ကြီးများတွင် နှစ်လ နေခွင့်ရပါသည်။

ထုတ်ဝေခဲ့သည်။ လစဉ်ထုတ်ရန် ရည်ရွယ်သော်လည်း ဇလနှင့် ရပ်ဆိုင်းသွားသည်။ ၁၉၆၀ မြစ်ကြီးနားတွင် ကျင်းပသော ပြည်ထောင်စုနေ့သို့ ကာတွန်းဆရာအဖွဲ့ဖြင့် တက်ရောက်ခဲ့သည်။ ဖဆပလအဖွဲ့ကြီးတွင် သန့်ရှင်း၊ တည်မြဲ ကွဲပြီး ရွေးကောက်ပွဲကျင်းပသောအခါ သန့်ရှင်း(ဦးနု)ဘက်မှ ရပ်တည်၍ အိုးဝေသတင်းစာတွင် ကာတွန်းများရေးဆွဲခဲ့သည်။ ငွေရေးကြေးရေးနှင့် အခွင့်အရေးမျှော်လင့်ချက် မရှိပါ။ တချို့ကာတွန်းဆရာအများစုကား ငွေကြေးနှင့် အခွင့်အရေးနောက်လိုက်ကာ တည်မြဲဘက်မှ ရေးဆွဲကြသည်။ ထိုရွေးကောက်ပွဲတွင် သန့်ရှင်းနိုင်၍ တည်မြဲ ရှုံးသွားသည်။

ဖခင်ဖြစ်သူမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကပင် ကမ္ဘာ့ အကျင့်စာရိတ္တ ပြန်လည်မြှင့်တင်ရေးအဖွဲ့တွင် ပါဝင်ပါသည်။ ယင်းအဖွဲ့ကို MRA(Moral Re Armament) ဟု ခေါ်ပါသည်။ စစ်မဖြစ်မီက နိုင်ငံများတွင် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ဖြစ်ပွားသောကြောင့် တားဆီးဖြန်ဖြေရန်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာန်၊ ဗုဒ္ဓဘာသာစသော ဘာသာရေးအဖွဲ့များ ပေါင်းစည်းဖွဲ့ထားခြင်း ဖြစ်ပါသည်။ စစ်ပြီးသောအခါ ယင်းMRA အဖွဲ့တွင် ကျွန်တော်ဖခင် ပါဝင်ကာ၊ ကျွန်တော်၏ဖခင်သည် ဆွစ်ဇာလန်၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ သွားရောက်လေ့လာရပါသည်။ ဖခင်ကွယ်လွန်ပြီးသောအခါ ကျွန်တော့်အား MRA အဖွဲ့သို့ ပါဝင်စေပြီး အမေရိကန် (မက္ကီးနော့ကျွန်း)သို့ လေ့လာရန် ပေးပို့ပါသည်။ ကျွန်တော့်အား ၁၉၅၈ခုတွင် အမေရိကန်(မက္ကီးနော) နှင့် တခြားမြို့ကြီးများတွင် နှစ်လ နေခွင့်ရပါသည်။ MRA သည် ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံပါဝင်သော အဖွဲ့ဖြစ်၍ ဘာသာမဲ့ဝါဒ (ကွန်မြူနစ်)ကို ဆန့်ကျင်သောအဖွဲ့ကြီး ဖြစ်လာပါသည်။

၁၉၆၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ဒေါ်ခင်လေးနွယ်နှင့် အိမ်ထောင်ပြုခဲ့ပါသည်။ ၁၉၆၂ခု၊ မတ်လ ၂ရက်မှစ၍ တော်လှန်ရေးအစိုးရ တက်လာသောအခါ ကျွန်တော်တို့၏ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းကို ဖျက်သိမ်းလိုက်ရပါသည်။ ၁၉၆၃တွင် ပန်းချီပန်းပုကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ၁၉၆၄ခုနှစ်တွင် (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို မန္တလေးတွင်ကျင်းပရာ ကိုယ်စားလှယ်အဖြစ် တက်ရပါသည်။ ၁၉၈၁ခုနှစ်တွင် ပန်းချီပန်းပုကောင်စီကို ဖျက်သိမ်းစေ၍၊ ၁၉၈၁ခုနှစ် ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ စည်းရုံးရေးကော်မတီကို

၁၉၆၃တွင် ပန်းချီပန်းပု ကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး



ပြည်လည်ဖွဲ့စည်းကာ ကျွန်တော့်အား တွဲဘက်အတွင်းရေးမှူးအဖြစ် ခန့်အပ်ပါသည်။ (ဥက္ကဋ္ဌမှာ ဦးဘကြည်နှင့် အတွင်းရေးမှူးမှာ ဦးမင်းနိုင်။) ထို့နောက်တဖန် ပန်းချီပန်းပုကောင်စီကို အမည်ပြောင်းလဲစေကာ ၁၉၈၃ခုနှစ် ဩဂုတ်လ(၁၀)ရက်နေ့တွင် ရိုးရာပန်းပညာရှင်များ ကောင်စီစည်းရုံးရေးကော်မတီကို ဖွဲ့စည်းစေကာ ကျွန်တော့်အား တွဲဘက်အတွင်းရေးမှူးပင် ခန့်အပ်ပါသည်။ ကျွန်တော်သည် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများသို့ စည်းရုံးရေး ဆင်းခဲ့ပါသည်။ ၁၉၇၄ခုနှစ်ကလည်း တစ်နိုင်ငံလုံး ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲများ ကျင်းပစဉ် ရန်ကုန်တိုင်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ရပါသည်။ စာပေဗိမာန်အသင်းနှင့် စာပေလုပ်သားအသင်းဝင်လည်းဖြစ်၍ စာပေဟောပြောပွဲများတွင် ပါဝင်ဟောပြောခဲ့ပါသည်။

၁၉၇၈ခုနှစ်၊ မတ်လတွင် မော်ကွန်းဝင်အမှတ် ၅၉ (အမိန့်ကြော်ငြာစာအမှတ် ၂၀/၇၈)ဖြင့် မော်ကွန်းဝင်ဒုတိယအဆင့် ရရှိခဲ့ပါသည်။ (မော်ကွန်းဝင်ဒုတိယဆင့်ကို ၂၇.၁၂.၈၀နေ့တွင် မြို့တော်ခန်းမ၌ ချီးမြှင့်ခံခဲ့ရသည်။) တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့၊ ကြက်ခြေနီနေ့နှင့် ပန်းချီပန်းပုအစည်းအဝေး၊ စာပေလုပ်သားအစည်းအဝေး၊ စစ်မှုထမ်းဟောင်းများအဖွဲ့အစည်းအဝေး၊ ဂီတ၊ ရုပ်ရှင်ကောင်စီများ၏ ဆွေးနွေးပွဲအစည်းအဝေးများတွင်လည်း တက်ရောက်ခဲ့ပါသည်။

ကျွန်တော်သည် တက္ကသိုလ်မှထွက်သည်မှစ၍ ယနေ့တိုင် ကာတွန်းပညာတစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်းကျောင်းခဲ့ပါသည်။ ကျွန်တော်၏ကာတွန်းပညာသည် အစွမ်းထက်သောပညာအဖြစ် ယုံကြည်သောကြောင့် အစိုးရ လခစားအလုပ်များ၊ တခြားလုပ်ငန်းများကို ယခုအထိ လုပ်ကိုင်ခြင်း မရှိခဲ့ပါ။ ကျွန်တော်၏ ကာတွန်းပညာ၊ ကာတွန်းလက်ရာမှာ ပညာရသပါ၍ လေးနက်သော ကာတွန်းများသာ ဖြစ်သဖြင့် စီးပွားဖြစ်ကာတွန်းများ မဟုတ်ပါ။ သို့သော် အန္တရာယ်များလှပါသည်။ အစိုးရကိုရော၊ သောင်းကျန်းသူကိုပါ ဝေဖန်ရေးဆွဲသဖြင့် အစိုးရ၏ငြိုငြင်ခြင်းနှင့် သောင်းကျန်းသူတို့၏ ပစ်စာနှင့် ခြိမ်းခြောက်မှု ကိုလည်း ခံရပါသည်။ ဖဆပလ သန့်ရှင်း၊ တည်မြဲကွဲပြီး ရွေးကောက်ပွဲအချိန်တွင် သန့်ရှင်းဘက်မှ ရပ်တည်သည့်အတွက် ပစ်စာနှင့် အသက်ကိုပင် ရန်ရှာခြင်းခံရပါသည်။ ထို့ပြင် မှောင်ခိုများကိုရှုံ့ချသော

၁၉၇၈ခုနှစ်၊ မတ်လတွင် မော်ကွန်းဝင် ဒုတိယအဆင့် ရရှိခဲ့ပါသည်။

ကျွန်တော်သည် တက္ကသိုလ်မှ ထွက်သည်မှ စ၍ ယနေ့တိုင် ကာတွန်းပညာ တစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်း ကျောင်းခဲ့ပါသည်။ ကျွန်တော်၏ ကာတွန်းပညာသည် အစွမ်းထက်သော ပညာအဖြစ် ယုံကြည်သောကြောင့် အစိုးရ လခစား အလုပ်များ၊ တခြား လုပ်ငန်းများကို ယခုအထိ လုပ်ကိုင်ခြင်း မရှိခဲ့ပါ။

www.burmeseclassic.com

ကာတွန်းများ ရေးသည့်အတွက် ကျွန်တော့်ကို သာမက သားသမီးများကိုပါ ဒုက္ခပေးနိုင်ကြောင်း ခြိမ်းခြောက်ခြင်း ခံရပါသည်။

ကာတွန်းများ ရေးသည့်အတွက် ကျွန်တော့်ကိုသာမက သားသမီးများကိုပါ ဒုက္ခပေးနိုင်ကြောင်း ခြိမ်းခြောက်ခြင်း ခံရပါသည်။ ထို့နောက် ၁၉၆၇ခုနှစ် တရုတ်အရေးအခင်းတွင် လုပ်သားနှင့် ကြေးမုံသတင်းစာ မျက်နှာဖုံးများတွင် မော်စီတုံး၏ လမ်းစဉ်ကို သရော်သောကာတွန်းများကြောင့် တရုတ်များ ရန်ရှာမည်ကိုစိုး၍ အသွားအလာ သတိထားရသည်။

ကာတွန်းပညာထိရောက်ကြောင်း အားလုံး သိပါသည်။ ထို့ကြောင့် စာပေဗိမာန်မှဦးစီးသော သတင်းစာဆရာသင်တန်း များတွင် ကာတွန်းပညာ ပို့ချပေးပါသည်။ ထို့ပြင် နွေရာသီ ကျောင်းပိတ်ရက်များတွင်လည်း ကျောင်းသူကျောင်းသားများအား ကာတွန်းဆွဲနည်း သင်ကြားပေးပါသည်။ နိုင်ငံတော်အစိုးရက ကျင်းပသော မူးယစ်ဆေးဝါးရှောင်ရှားရေး၊ စာတတ်မြောက်ရေး အသုံးလုံး၊ အမျိုးသားနေ့နှင့် ကြက်ခြေနီနေ့၊ ကုလသမဂ္ဂဆိုင်ရာ ပန်းချီကာတွန်းပြိုင်ပွဲများတွင် အကဲဖြတ်လူကြီးအဖြစ် ပါဝင်ခဲ့ပါသည်။

ကာတွန်းအပြင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်များ ကိုလည်း ရံဖန်ရံခါ ရေးပါသည်။ ကာတွန်းဆရာကြီးဦးဟိန်းစွန်းကို အမှူးထား၍ ကာတွန်းဆရာများကန်တော့ပွဲကိုလည်း ကျွန်တော့်အိမ်တွင် ကျင်းပပြီး ကာတွန်းဆရာလူငယ်များနှင့် အမြဲလက်တွဲလျက် ရှိပါသည်။

ကျွန်တော်သည် ကာတွန်းဆရာတစ်ယောက်အနေဖြင့် ထူးခြားသောနှစ်များကို သင်္ကေတရုပ်ပုံများဖြင့် ဖန်တီး၍ ရေးဆွဲလေ့ရှိခဲ့ပါသည်။ ဥပမာ ၁၉၅၅ (၅.၅.၅၅)။ ၁၉၆၆ (၆.၆.၆၆)။ ၁၉၇၇ (၇.၇.၇၇) စသည်ဖြင့် ဖြစ်ပါသည်။ ၁၉၈၈ခုနှစ် ရောက်သောအခါ ၈.၈.၈၈ကို ကာတွန်းအမြင်ဖြင့် သံကြိုးကွင်းများအဖြစ် ဖန်တီး၍ ကာတွန်းရေးဆွဲပြီး ချယ်ရီဩဂုတ်လ နှစ်ပတ်လည်မဂ္ဂဇင်းတွင် ဖော်ပြလိုက်ပါသည်။ (၈.၈.၈၈)ကို ကလေးပုံများအဖြစ် ကျွန်တော်၏ ပုံပမာကာတွန်း ဩဂုတ်လထုတ်အဖုံးတွင်လည်း ကျွန်တော်ရေးဆွဲခဲ့ပါသည်။ မဂ္ဂဇင်းစာစောင်များ ထုတ်လုပ်ရာတွင် တစ်လကြိုတင် ရေးဆွဲရသည့်အတိုင်း ဩဂုတ်လထုတ်အတွက် ဇွန်လဆန်း လောက်ကပင် ကြိုတင်ရေးဆွဲရပါသည်။ ဇူလိုင်လ၂၀ရက်တွင် ဖြန့်ချိပြီး ဖြစ်ပါသည်။

ဤထူးခြားသော ၈လေးလုံးကာတွန်းသည် (၈.၈.၈၈) နေ့တွင် ကျောင်းသားများဆန္ဒပြမှုနှင့် တိုက်ဆိုင်နေသောကြောင့် ကျွန်တော်၏ကာတွန်းသည် ကျောင်းသားများအား ဆူပူအောင် လှုံ့ဆော်သည်ဟု ယူဆကာ ရေးဆွဲသူကျွန်တော့်အား

ကျွန်တော်သည် ကာတွန်းဆရာ တစ်ယောက်အနေဖြင့် ထူးခြားသော နှစ်များကို သင်္ကေတ ရုပ်ပုံများဖြင့် ဖန်တီး၍ ရေးဆွဲလေ့ ရှိခဲ့ပါသည်။





အရေးယူခဲ့ပါသည်။

ကျွန်တော်သည် ဒီမိုကရေစီအခွင့်အရေးကို အမှန်ပင် လိုလားသူဖြစ်ပါသည်။ တစ်ပါတီစနစ် ပေါ်ပေါက်လာချိန်မှ စ၍ ကျွန်တော်၏ကာတွန်းများသည် သတင်းစာ၊ မဂ္ဂဇင်း များတွင် မကြာခဏ အပယ်ခံခဲ့ရပါသည်။ ယခုလည်း ဒီမိုကရေစီ အရေးအခင်းကို အကြောင်းပြု၍ ၁၉၈၉ မှစ၍ ၁၉၉၂ ယခုနှစ်တိုင် ကျွန်တော့အား ကာတွန်းရေးဆွဲခွင့်၊ စာပေရေးသားခွင့်များ အပိတ်ခံထားရပါသည်။ ထို့ပြင် ကာတွန်းပညာဖြင့် အသက်မွေးကျောင်းပြုနေသူအဖြစ် ကျွန်တော် ရရှိထားသော ထုတ်ဝေခွင့်အမှတ်(၀၃၂၉၈) ဖြင့် ထုတ်ဝေသော ပုံပမာ ကာတွန်းလစဉ်ထုတ်ကိုပါ ပိတ်ထားခြင်း ခံရပါသည်။ စာပေစိစစ်ရေးမှစိစစ်ပြီး ပုံနှိပ်ပြီး စက်တင်ဘာထုတ် ပုံပမာကာတွန်းစာအုပ်ကိုပင် ထုတ်ဝေရောင်းချခွင့် ပိတ်ပင်တားမြစ်ခြင်း ခံရပါသည်။ ကုန်ကျစရိတ်များ နစ်နာနေပါသည်။

ကျွန်တော်သည် ပုသိမ်အသင်း(ရန်ကုန်)၏ ရာသက်ပန် အသင်းဝင်၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်နာယက။ သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ဝင် ဖြစ်ပါသည်။

၁၉၈၆၊ ၈၇ခုနှစ်ကျမှ မြန်မာ့ဆိုရှယ်လစ်ပါတီက ကျွန်တော့်အား ပါတီဝင်အဖြစ် လက်ခံခဲ့ပါသည်။ ဒီမိုကရေစီ အရေးအခင်းကို အကြောင်းပြု၊ ပျက်သုဉ်းသွားသော ရိုးရာပန်းပညာရှင်များအဖွဲ့ကို ပြန်လည်ဖွဲ့စည်းနိုင်ရန် ကျွန်တော့်အား ၁၉၈၉ခုနှစ်တွင် ဆိုင်ရာက ရိုးရာပန်းပညာရှင်များကောင်စီ စည်းရုံးရေးကော်မတီ၏ တွဲဘက်အတွင်းရေးမှူးအဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုသဖြင့် နုတ်ထွက်စာတင်ခဲ့ပါသည်။

ကျွန်တော်သည် ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း မရှိပါ။ တောမခိုခဲ့ပါ။

ယခုပါတီစုံခေတ်တွင် မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းမှ မဝင်ခဲ့ပါ။

၃၈ဖြာ၊ မင်္ဂလာ၊ ကာတွန်းပဒေသာ(၁၉၇၈)(၁၉၈၂) နှင့် ငါးပါးသီလ၊ ကာတွန်းပဒေသာ(၁၉၈၄)(၁၉၉၁) စာအုပ်များ ထုတ်ဝေခဲ့ပါသည်။

[signature] (၂၅.၅.၉၂)
(ဦးပေသိန်း၊ ကာတွန်းဆရာ)
ISN. ၂၀၀၆၃၇



www.burmeseclassic.com